# ဗိုးကျော့

## ဂမ္ဘီရဤပင်လယ်

# ဝေယံလင်းခေါင်

## ဂမ္ဘီရမဟာဂနိုင်



Desing
Nanda Hlaing

တောင်ပေါ်နေ တိုင်းရင်းသားများ သည် ရိုးမတောင်ကြီးပေါ် တောမီးကြီးလောင်သောနှစ် သူတို့ ရွာပေါ် မီးကျွမ်းပြာများ ထူးထူးကဲကဲ ကျတတ်သော နှစ်တွေနှင့် ပတ်သက်၍ ထူးခြား ဆန်းကြယ်သော ဖြစ်ရပ်များကို သက်ကြီးစကား သက်ငယ်ကြား ပြောဆိုမှတ်တမ်းထားခဲ့ကြသလို ကျွန်တော်တို့ ပင်လယ်ကမ်းရိုးတန်းနေ ကမ်းရိုးတန်းသား ရခိုင်များကလည်း ၊ မုန်တိုင်းနှင့် ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ရပ်များကို သက်ကြီးစကား သက်ငယ်ကြား၍ မှတ်တမ်းထား အစဉ်အဆက် ပြောကြားလာခဲ့ကြသည် သာ။

ကျွန်တော်တို့ ရခိုင်ကမ်းရိုးတန်းသားများ ၏ မုန်တိုင်းမှတ်တမ်းကို ပြန်ကြည့်လျှင် နှစ်ပေါင်း ၁၀၀ အတွင်းမှာ မုန်တိုင်းကြီး ၁၂ ကြိမ် တိုက်ခတ်သွားသည် ကို တွေ့ရမည်။

ဤသည် မှာ တစ်နာရီလျှင် မိုင်လေးငါးဆယ် တိုက်သွားသော မုန်တိုင်းငယ်လေးများ မပါသေး။ တစ်နာရီလျှင် မိုင်လေးငါးဆယ် တိုက်သော မုန်တိုင်းလေးလောက်ကို ရခိုင်သူ ရခိုင်သားတို့ က မုန်တိုင်းဟု မယူဆကြ။ မိုးဦးကျလေဦးကျ မိုးနှောင်းကာလတို့ တွင် တိုက်ရိုးတိုက်စဉ် ဖြစ်ရိုးဖြစ်စဉ် လေပြင်းလေကြမ်း ကျခြင်းဟု လောက်သာ သဘောထားခဲ့ကြသည် ။

ကျွန်တော်တို့ တစ်သက်တွင် ၁၉၆၇-ခုနှစ်က တိုက်ခတ်သွားသော မုန်တိုင်းကြီးမှာ အကြီးကျယ်ဆုံးနှင့် အဆိုးရွားဆုံး မုန်တိုင်းကြီးဖြစ်သည် ။ လူနှင့် ကျွဲနွားတိရစ္ဆာန် ထောင်ချီ၍ သေကျေ ပျက်စီးခဲ့ကြသည် ။ ငါးမ

န်းရဲကျွန်း တစ်ကျွန်းလုံးကို လှိုင်းရိုက်ဖုံး လွှမ်းသွားခဲ့သည် ။ ကျွန်း၌ ရှိရှိ သမျှ ရွာများအားလုံး အကုန်ပျက် စီးကုန်သည် ။

ပင်လယ်မှ အသံနက်ကြီးများ နှင့် ပြေးတက်လာကြသော လှိုင်းလုံးကြီးများ သည် လူနှင့်တကွ ကျွဲနွားတိရစ္ဆာန်များကို စိစိညက်ည က်ကြေအောင် ချေမှုန်းရိုက်သတ်သွားသည် ။ ထိုလှိုင်းလုံးကြီး များ ပင် လယ်ထဲသို့ ပြန်အသွားတွင် သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးကို ပင် လယ်ထဲသို့ ဆွဲယူသွား သည် ။ တစ်ကျွန်းလုံးမှာ ပြောင်သလင်းခါ၍ ကျ န်ရစ်ခဲ့သည် ။

ထိုရခိုင်လေဘေးကြီးအတွက် နိုင်ငံတကာကပင် အကူအညီပေးခဲ့ကြရသည် ။ ဤသည် မှာ ကျွန်တော်တို့ တစ်သက်၌ ကြုံတွေ့ခဲ့ရသော မုန်တိုင်းကြီးများ တွင် အဆိုးရွားဆုံးနှင့် ကြောက်ရွံ့ မ နှစ်သက်လိုဖွယ်ရာ အကောင်းဆုံးသော သဘာဝ ဘေးအန္တရာယ် မုန်တို င်းဆိုးကြီး ဖြစ်သည် ။

နောက်မုန်တိုင်းနှင့် ပတ်သက်နေသော လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရပ င်လယ်ကြီး၏ ထူးဆန်း အံ့သြဖွယ်ရာ ဖြစ်စဉ်တစ်ခုမှာ မူ…။

***

ရခိုင်ကမ်းရိုးတန်း၏ အနောက်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်ထဲ တွင် ကျွန်းကြီး ကျွန်းငယ်ပေါင်း များ စွာရှိသည် ။ ထိုကျွန်းများ ထဲတွင် ခမောက်ကျွန်းမှာ လည်း တစ်ကျွန်းအပါအဝင် ဖြစ်သည် ။ ခမောက်ကျွ

န်း၏ အရှေ့ဘက်တွင် ကျွန်းစုများ နှင့် ရခိုင်ကမ်းရိုးတန်းတို့ တည်ရှိသည် ။ အနောက်ဘက်၌ မူ မည်သည့်ကျွန်းမှ မရှိတော့ဘဲ သန္တာကျောက်တန်းကြီးများ နှင့် ကမ်းမမြင် လမ်းမမြင် ဘင်္ဂလားပင်လယ် သမုဒ္ဒရာကြီးသာ ရှိတော့သည် ။ ကျွန်းအနောက်ဘက်ရှိ သန္တာ ကျောက်တန်းများမှာ ပင်လယ်ဒီရေ ကျသွားတော့မှ ပေါ်လာသည် ။ ပင်လယ်ဒီရေတက်ချိန်၌ မူ ရေထဲ မြုပ်နေကြသည် ။ ထိုကျောက်တန်းတွင် ကျောက်ကြိုး၊ ကျောက်ခက်၊ ကျောက်ပွင့်များ ပေါက်ရောက် ရှင်သန်နေသည် ။

ခမောက်ကျွန်းဟု ခေါ်ကြခြင်းမှာ အဝေးကကြည့်လျှင် ခမောက်တစ်လုံးကို မှောက်ထားသော ပုံသဏ္ဌာန် ရှိသဖြင့် ဖြစ်သည် ။ ထိုကျွန်းတွင် ရွာဆို၍ လည်း မည်ကာမတ္တ အိမ်ခြေနှစ်ဆယ်ကျော်ခန့်ရှိ ရွာတစ်ရွာသာ ရှိသည် ။ ထိုခမောက်ကျွန်းကို အစွဲပြု၍ ထိုရွာကိုလည်း ခမောက်မော်ရွာဟု သမုတ် ခေါ်ဝေါ်ခဲ့ကြပုံရသည် ။

ထိုခမောက်မော်ရွာမှာ တောင်ခြေရင်း၌ တည်ရှိသည် ။ ဘင်္ဂလားပင်လယ်အော်နှင့် သူတို့ ရွာကို အနောက်ဘက်က တောင်တစ်လုံး ဆီးကာခြားထားသည် ။ အနောက်ဘက်တောင်ခြေရင်းတွင် သဲသောင်ပြင်ကြီး ရှိသည် ။ ထိုသဲသောင်၏ အချို့နေရာများမှာ ဒီရေတက်လာလျှင် ရေထဲမြုပ်သွား တတ်သည် ။ ရေထရက်ဆိုလျှင် လှိုင်းလုံးကြီးများက တောင်ခြေရင်းထိပင် ရောက်တတ်သည် ။ ဒီရေကျသွားလျှင်တော့ သဲသောင်ပြင်ကြီးမှာ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သည် ။

ခမောက်မော်ရွာနှင့် ပင်လယ်ကြားရှိ တောင်နှာမောင်းဖျားတွင် ချောင်းတစ်ချောင်း ရှိသည် ။ ထိုချောင်းမှာ ကွေ့ကောက်လွန်းသည် ။

ချောင်းထဲတွင် ရေနက် အင်းအိုင်များ ရှိသည် ။ မိုးနှောင်းကာလ ရောက်တိုင်း ထိုချောင်းသည် ပင်လယ်လှိုင်းလုံးကြီးများ သယ်ဆောင်လာသော သဲတို့ နှင့် ပိတ်ဆို့နေတတ်သည် ။ ချောင်းဝရေနှင့် ပင်လယ်ရေကြား လှိုင်းဖျားတွင် သဲကုန်းတန်း ခံနေသည် ။ ဆောင်းနှင့် နွေလတို့ တွင် ကုန်းတွင်းပိတ်ချောင်း ဖြစ်နေသည် ။

မိုးကာလရောက်၍ ရေစီးရေလာကြမ်းတော့မှ ထိုချောင်းဝ သဲကုန်းတန်းမှာ ရေတိုက်စား၍ ချောင်းဝ ပေါက်သွားသည် ။ ထိုအခါမှ ချောင်းရေနှင့် ပင်လယ်ရေတို့ မှာ တစ်ဆက်တည်း ဖြစ်သွားသည် ။ ထို့ကြောင့် ထိုခမောက်မော်ချောင်းမှာ မိုးတွင်းဆိုလျှင် ရေအတက်အကျ ရှိသည် ။ ဒီရေတက်လာလျှင် ပင်လယ်မှ ရေများ ချောင်းထဲဝင်လာသည် ။ ဒီရေကျသောအခါ ချောင်းထဲက ရေများ ပင်လယ်ထဲ စီးသွားကြသည် ။ ထို့ကြောင့် ထိုချောင်းမှာ မိုးတွင်းဆိုလျှင် ရေရှင်ဖြစ်၍ နွေနှင့် ဆောင်းတွင် ရေသေချောင်း ဖြစ်သည် ။ ထို့ကြောင့် နွေဆိုလျှင် ကုန်းတွင်းပိတ်ချောင်း ဖြစ်သည် ။ ရေစီးရေလာ အလျှင်းမရှိ။ ပကတိ ရေသေချောင်းပင်။

သို့သော် ထိုချောင်းသည် အလွန်အကွေ့အကောက်များ သည် ။ ထို့ကြောင့်လည်း မနက်ကစပြီး ထိုချောင်းဝက ခြေလျှင်လျှောက်မည်ဆိုလျှင် မွန်းတည့်မှ ချောင်းဖျားအဆုံးသို့ ရောက်သည် ။ ခမောက်ကျွန်းမှာ မကြီးသော်လည်း ချောင်းက တစ်ကျွန်းလုံးရှိ တောင်ကြိုတောင်ကြား၊ တောကြို တောကြားထိ ကွေ့ကောက် ရစ်ပတ်နေသဖြင့် ရှည်လျားနေသည် ။ ချောင်းကမ်းဘေးနှစ်ဖက်တွင် သဲသောင်များ စံပန်းတောများ ၊ လိပ်တက်နွယ်ချုံများ ၊ ပြုံးတော၊ ပြာတော၊ ကနစိုတော၊ စလူတောနှင့် ရွာသူရွာသားတို့ ၏ ခနိတောများ လည်း ရှိသည် ။

ခမောက်မော် ရွာသူရွာသားများ သည် ထိုချောင်းနှင့် ပင်လယ်ကြီးကို အမှီသဟဲ ပြုနေကြသည် ။ မိုးတွင်းလှိုင်းကြီး၍ ပင်လယ်မထွက်နိုင်လျှင် ချောင်းထဲ၌ သားငါးရှာကြသည် ။ သူတို့ ရွာတောင်ဘက်တွင် စူးထိုးယာစပါး စိုက်ကြသည် ။ ချောင်းကြားနှင့် ရွာကြားရှိ သဲနင်းဖတ်နုံးမြေသောင်တွင် ကြက်သွန်၊ ငရုတ်၊ ခရမ်း၊ မုန်လာ၊ ကန်စွန်း၊ ဖရဲ စသည် တို့ စိုက်ကြသည် ။ ဤသည် တို့ မှာ စီးပွားဖြစ်မဟုတ်ကြ။

သူတို့ ၏ အဓိကစီးပွားဖြစ် လုပ်ငန်းမှာ ငါးလုပ်ငန်းနှင့် သန္တာကျောက်တန်းပေါ်က ရသော ကျောက်ကြိုး၊ ကျောက်ပွင့်၊ ကျောက်ခက်များသာ။ ဤသည် တို့ ကို သူတို့ သည် ခမောက်ကျွန်းနှင့် အနီးဆုံးဖြစ်သော ရခိုင်ကမ်းရိုးတန်းရှိ ရွာများ သို့သွား၍ ရောင်းဝယ်ဖောက်ကား လုပ်ကြသည် ။

***